# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်—

## ၁၉၇၃ ခုနှစ်၊ မူလတန်းပညာသင်ကြားရေး အက်ဥပဒေများကို ရုပ်သိမ်းသည့် ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၇။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်—

၁။ ။(က) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ မူလတန်းပညာ သင်ကြားရေး အက်ဥပဒေများကို ရုပ်သိမ်းသည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ။(က) ဤဥပဒေနှင့် မူလတန်းပညာ သင်ကြားရေး အက်ဥပဒေ (The Primary Education Act)၊ ၁၉၅၀ ခုနှစ်၊ မူလတန်းပညာ သင်ကြားရေး (ယာယီ ပြင်ဆင်ချက်) အက်ဥပဒေ [The Primary Education (Temporary Amendment) Act, 1950] နှင့် ၁၉၅၁ ခုနှစ်၊ မူလတန်းပညာ သင်ကြားရေး အက်ဥပဒေ သက်ဆိုင်ရေး အက်ဥပဒေ (The Primary Education Act Application Act, 1951) တို့ကို ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ ရုပ်သိမ်းလိုက်သည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၅၃

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။**

**(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)**

အောက်ပေါ်ပြပါ ဥပဒေ ကိုထုတ်ပြန်ကြေညာသည်—

## ၁၉၇၃ ခုနှစ်၊ ရှမ်းပြည်နယ် လူထုပညာသင်ကြားရေး အက်ဥပဒေနှင့် ကချင်ပြည်နယ် လူထုပညာသင်ကြားရေး ကောင်စီ အက် ဥပဒေတို့ကိုရုပ်သိမ်းသည့် ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၁၈။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်ပါ ဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်—

၁။ ။(က) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ရှမ်းပြည်နယ် လူထုပညာသင်ကြားရေး အက်ဥပဒေ နှင့်ကချင်ပြည်နယ် လူထု ပညာသင်ကြားရေး ကောင်စီ အက်ဥပဒေ တို့ကိုရုပ်သိမ်းသည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ။(က) ဤဥပဒေဖြင့် ၁၉၅၁ ခုနှစ်၊ ရှမ်းပြည်နယ် လူထုပညာသင်ကြားရေး အက်ဥပဒေနှင့် ၁၉၅၂ ခုနှစ်၊ ကချင်ပြည်နယ် လူထုပညာသင်ကြားရေး ကောင်စီ အက်ဥပဒေ တို့ကိုရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ ရုပ်သိမ်းလိုက်သည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။**
**(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)**

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

**အတွင်းရေးမှူး၊**

**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။**